*Volume 3 / Issue 7 / July / 2010*

*Enjoy free reading from B.C.F*

# † Newsletter – သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## ဆရာကြီးယုဒသန် … အောက်မေ့ဖွယ်



ဆရာကြီးယုဒသန်ပုံ၊

**ယုဒသန်နေ့**
**၁၁၊ ဇူလိုင်၊ ၂၀၁၀၊**

ဆရာကြီးယုဒသန်သည်ဘိုးတော်ဘုရားလက်ထက်တွင်အမေရိကန်ပြည်ထောင်စုမှ ရောက်လာသော ခရစ်ယန် သာသနာပြု ပုဂ္ဂိုလ်ဖြစ်သည်။

ယုဒသန် ဟူသောအမည်မှာ မြန်မာတို့က ဂျပ်ဆင် ဆိုသော စကားလုံးကို အသံလှယ်၍ ခေါ်ဆိုသော အသံထွက်ဖြစ်ပြီး အမည်ရင်းမှာ အဒိုနီရမ် ဂျပ်ဆင် ဖြစ်လေသည်။ ယုဒသန်သည် မြန်မာနိုင်ငံတွင် အမေရိကန် နှစ်ခြင်း အသင်းတော်ကို စတင်တည်ထောင်သူဖြစ်သည်။

သုခ–ဒုက္ခဘယ်သို့တွေ့တွေ့ … ရှေ့သို့ဆောင်ရွက်မည်။
မြန်မာလွှင်ပြင်ငါတို့ကြဲ၍ … ဇိအုန်ထိပ်၌ရိတ်သိမ်းမည်။

"In joy or sorrow, health or pain, our course be onward still;
sow on Burma's (Myanmar's) barren hill; we reap on Zion's hill."

ဆရာယုဒသန်သည် မြန်မာနိုင်ငံ ခရစ်ယန်သာသနာရေးဖက်၌ သာမက စာပေဖက်၌ သော်၎င်း၊ နိုင်ငံရေးဖက်၌ သော်၎င်း ထင်ရှားကျော်ကြားသောပုဂ္ဂိုလ် ဖြစ်လေသည်။

ဆရာယုဒသန် ၃၅နှစ်ကြာ မြန်မာပြည်ခရီးစဉ်တွင် မြန်မာ၊ ကရင် ၇၀၀၀ ကျော် နှစ်ခြင်းခံပြီး ခရစ်တော်ယုံကြည်ခြင်းနှင့် ထာဝရအသက်ကို ရရှိခဲ့ကြသည်။

သိက္ခာတင်ပွဲတော် ၆၃ကြိမ်ကို မစ်ရှင်အဖွဲ့ပေါင်း ၁၆၃ ခုဖြင့် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြင့် ဒေသခံ ဓမ္မဆရာ၊ လက်ထောက်ဓမ္မဆရာ များစွာ မွေးထုတ်နိုင်ခဲ့သည်။

အခြားအသင်းတော်များဖြစ်သော မက်သဒစ်၊ ပရက်ဘာတာရီယန် … စသည့်အသင်းတော် များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများ … စသည့် ဆရာကြီးယုဒသန်၏ ဘဝခရီးစဉ်၊ သူ၏ ဘဝဒဏ်ခံ နိုင်ခြင်း၊ အတူးသဖြင့် အင်းဝနေပြည်တော်တွင်အကျဉ်းခံရခြင်း နှင့် ဖေံဂေလိခရီးစဉ် အားလုံးတို့သည် ခရစ်တော်အားဖြင့်သာ ဖြစ်ပါသည်။ ။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# သင်၏လက်၌အဘယ်အရာရှိသနည်း



ပုံ၊-မောရှေနှင့်မီးလောင်နေသောချုံ

ဟိုးရှေးရှေးတုံးက…၊

ဓမ္မဟောင်းခေတ် ကာလအချိန် အဲဂုတ္တုပြည်တွင် ဣသရေလလူမျိုးများ ကျွန်ခံနေစဉ်ဖြစ်သည်။

ဤကဲ့သို့ ကျွန်ခံနေသော ဒုက္ခထဲမှ လွတ်မြောက်ရန် ထာဝရဘုရားသခင်သည် မောရှေကိုရွေးကောက်တော်မူ၍ဟောရပ်အမည်ရှိသော တောင်ပေါ်၌ ထူးဆန်းသည့်ရူပါရုံ အဖြစ် မီးလောင်သော်လည်း ကျွမ်းမသွားသော ချုံအားဖြင့် မောရှေကို ဆင့်ခေါ်လိုက်သည်။

***ထာဝရဘုရားကလည်း၊***
***သင်၏လက်၌အဘယ်အရာရှိသနည်းဟုမေးတော်မူလျှင်၊***
***လှံတံရှိပါ၏ဟုလျှောက်၏။ (ထွက်၊၄း၂)***

မောရှေကလည်း အကျွန်ုပ်ရှိပါသည် ဟုလျှောက်သောအခါ ထာဝရဘုရားသခင်က အဲဂုတ္တုပြည်တွင်၊ ကျွန်ခံနေသေ ဣသရေလလူမျိုးကို ကယ်ထုတ်ရန် ဖါရောဘုရင်ထံ လွှတ်မည်ဟု မိန့်တော်မူပြီး၊ သင်၏ လက်၌ အဘယ်အရာ ရှိသနည်းဟု မေးတော်မူလျှင်၊ လှံတံရှိပါ၏ ဟုလျှောက်၏။

ထိုအခါ၊ ဘုရားသခင်က ဤလှံတံအားဖြင့် အံ့သြဖွယ်ရာ နိမိတ်လက္ခဏာ တန်ခိုးအဖြာဖြာကို ပြသော်လည်း မောရှေက ဆင်ခြေဆင်လက် အမျိုးမျိုးပြကာ အကြောက်အကန် ငြင်းသည်။

အခြားလူကို ဤတာဝန်ပေးဖို့ လျှောက်သည်။ ထာဝရဘုရားသည် မောရှေအား အမျက်တော်ထွက်သည် အထိ ဖြစ်သည်။ ဘုရားသခင်၏ ကျေးဇူးတော် နှင့် ဘုန်းတန်ခိုးတော်အားဖြင့် မောရှေသည် ဤဆက်ကပ်သော လှံတံကို အသုံးပြုကာ ကျွန်ခံနေသောဣသရေလလူမျိုးကို အဲဂုတ္တုပြည်မှ အောင်မြင်စွာခေါ်ထုတ်လာသည်ကို တွေ့ရသည်။ မောရှေကို ရူပါရုံပြပြီး ဆင့်ခေါ်သလို ကျွန်တော်တို့တစ်ယောက်စီကိုလည်း ဘုရားသခင်က ဆင့်ခေါ်နေပါသည်။

ကျွန်တော်တို့ တစ်ယောက်စီကိုလည်း ဘုရားသခင်က သင်၏လက်၌ အဘယ်အရာ ရှိသနည်းဟု မေးနေပါသည်။

- သင်သည် … ဤသို့ ဆင့်ခေါ် ခြင်းကို ဖြေရန် အဆင်သင့်ဖြစ်ပြီလား။
- ကျွန်တော်တို့၏ လက်တွင်ရှိသည့် လှံတံကို အမှုတော်မြတ်၌ အသုံးချရန်အတွက် ဆက်ကပ်ဖို့ အဆင်သင့်ဖြစ်ပြီလား။
- သင်သည် … ဆင်ခြေဆင်လက်များ ပြကာ အမှုတော်ကို ထမ်းဆောင်ရန် ဘုရားသခင် အမျက်တော်ထွက်သည်အထိ ငြင်းပယ်နေမှာလား။

ကျွန်တော်တို့လေးနက်စွာစဉ်းစားပြီး ကျေးဇူးတော်အားဖြင့် ရရှိထားသော အချိန်၊ ဉစ္စာပစ္စည်း နှင့် စွမ်းရည်သတ္တိတို့ကို တတ်နိုင်သလောက် ဆက်ကပ်ကြပါစို့။ ။

John Ma. **BCF**

# ဆရာကြီးယုဒသန်– မွေးဖွားရာဇာတိ မှသည် မြန်မာပြည်သို့အရောက်



WHERE THE PIONEER WAS BORN

ဆရာကြီးယုဒသန်မွေးဖွားရာအိမ်ပုံ၊

အဒိုနိုင်ရမ်ဂျဒ်ဆင်ကို အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်၊ မော်လဒင်မြို့နေ ဂွန်ဂရီဂေးရှင်းနယ် သင်းအုပ် အဘ–ဂျဒ်ဆင်(Adoniram Judson Senior) နှင့် အမိ အဘီဂေးလ်ဘရောင်း (Abigail Brown) တို့မှ ၁၇၈၈-ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် မွေးဖွားသည်။ အဘိုး အဒိုနိုင်ရမ် - ၃ရာ ၄း၆၊ ၅း၁၄ ကို အစွဲပြု၍ အဒိုနိုင်ရမ်ဂျဒ်ဆင် ဟုအမည်ပေးခဲ့သည်။ မွေးချင်းလေးဦးတွင် အကြီးဆုံးသားဖြစ်ပြီး၊ ညီမ အဘီဂေး(လ်) ဘရောင်းဂျဒ်ဆင်(Abigail Brown Judson)၊ ညီ အယ်လ်နာသန်ဂျဒ်ဆင်(Elnathan Judson)နှင့် ညီမငယ် မေရီဂျဒ်ဆင် (Mary Judson) တို့ဖြစ်ကြ သည်။

ကလေးဘဝကတည်းကပင် အသိဉာဏ်ပညာထက်မြက်သည်ကို မိခင်၏ ယုယပိုက်ထွေး သင်ကြားပေးမှုအားဖြင့်၊ သမ္မာကျမ်းစာအခန်းကြီးတစ်ခုလုံးကို အလွတ်ရွတ်ဆိုပြနိုင်ခြင်းဖြင့်၊ ထုတ်ဖော်ပြသခဲ့သည်။ သက်တူ ရွယ်တူများနှင့် ဆော့ကစားလျှင်လည်း အဒိုနိုင်ရမ်က သင်းအုပ်ဆရာလုပ်ကစားလေ့ရှိသည်။ ကလေးဘဝ သူ၏ အနှစ်သက်ဆုံးဓမ္မတေးမှာ "သွား၍ ငါ၏ဧဝံဂေလိတရားကို ဟောပြောလော့။ ဘုရားသခင်မိန့်တော်မူ၏။" (Go preach my Gospel, saith the Lord) ဖြစ်သည်။ ငယ်စဉ်ကပင် စူးစမ်းလိုစိတ် ပြင်းထန်ခဲ့ပြီး၊ စာအုပ် စာပေများကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ရာ၊ ဂရိနှင့် လက်တင်စာပေနှင့် သဒ္ဒါတို့ကို ကောင်းမွန်စွာတတ် မြောက်ခဲ့သည်။ ၁၈၀၄-ခုနှစ်၊ အသက် ၁၆-နှစ်တွင် Rhodes Island Christian College(ယခု Brown University) တွင် စတင်၍ ပညာဆည်းပူးခဲ့ရာ၊ အမြဲ သူများထက်သာရမည်ဟူသော စိတ်ဓာတ်ဖြင့် ကြိုးစား၍ တစ်ခါမျှ စာမေးပွဲမကျခဲ့။ ၁၈၀၇-ခုနှစ်၊ စက်တင်ဘာလတွင် ဝိဇ္ဇာဘွဲ့(ဘီအေ)ရရှိခဲ့ပြီး၊ မိမိအိမ်သို့ပြန်ကာ ပလိုင်းမောက်မြို့တွင် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း ဖွင့်ကာ၊ တစ်ချိန်တည်းလိုလိုတွင် အင်္ဂလိပ်သဒ္ဒါနှင့် ဂဏန်းသင်္ချာဘာသာ အတွက် အရည်အသွေးမြင့်မားသော ဖတ်စာအုပ်နှစ်အုပ်ကို ပြုစုရေးသားပုံနှိပ်ထုတ်ဝေခဲ့သည်။ ငယ်ရွယ် နုနယ် သေးသောအဒိုနိုင်ရမ်အတွက် ဤသည်မှာ ထူးခြားပြောင်မြောက်သော လုပ်ဆောင်နိုင်မှု အောင်မြင်ခြင်းဖြစ် သည်။

ထိုအချိန်ကာလတွင် ဘုရားမဲ့ဝါဒ လွှမ်းမိုးနေချိန်ဖြစ်ရကား၊ အဒိုနိုင်ရမ်ဂျဒ်ဆင်မှာလည်း တက္ကသိုလ်မှ သူငယ်ချင်း ဂျေးကော့အိမ်း(စ်) (Jacob Eames)အား အထင်ကြီးနားဝင်ကာ၊ တစ်ယူသန်စွာဧဝံဂေလိတရားကို ငြင်းပယ်ပြီး၊ ဘာသာအယူဝါဒ မယုံကြည်သူတစ်ဦးအနေဖြင့်၊ အသက်ရှင်ခဲ့သည်။ စိတ်လှုပ်ရှားဖွယ်ဘဝကို စူးစမ်းရှာဖွေမည်ဟုဆိုကာ၊ မိဘများနှင့်အတူမနေဘဲ၊ ထွက်ခွာခဲ့ရာ၊ တည်းခိုခန်းတစ်ခုသို့ ရောက်ခဲ့သည်။ မိုးချုပ် နောက်ကျနေ၍ အခန်းလွတ်တစ်ခန်းသာ ကျန်တော့ကြောင်း၊ ထိုအခန်းမှာလည်း အလွန်နေမကောင်းဖြစ်နေသူ အခန်းနှင့် ကပ်လျက်ဖြစ်ကြောင်း သိရသည်။ ထိုအခန်းကို အဒိုနိုင်ရမ် ငှားယူခဲ့ရာ၊ တစ်ညလုံးလိုလိုပင် တစ်ဖက် ခန်းမှ လူ၏ ညည်းသံကျယ် တစ်လှည့်၊ တိုးသွားတစ်ခါ ကြားနေရသည်။ ထိုအချိန်မှာပင် ဝေဒနာခံနေရသူ၏ စိတ် ဝိညာဉ်အဆင့် မည်သို့ရှိမည်။ ထိုညည်းတွားနေသူအတွက် မည်သို့သော ထာဝရကာလရှိနေမည် စသည်တို့ကို အဒိုနိုင်ရမ် တွေးနေမိခဲ့သည်။ သေခြင်းနှင့်ထာဝရ အမြဲကာလအကြောင်းများကို အဒိုနိုင်ရမ်မစဉ်းစားဘဲ မနေနိုင် ဖြစ်ခဲ့သည်။

နောက်တစ်နေ့နံနက်တွင် တည်းခိုခန်းရှင်အား ညည်းတွားနေသူမည်သို့ရှိကြောင်း အဒိုနိုင်ရမ် မေးကြည့်ရာ သေဆုံးသွားပြီဖြစ်ကြောင်း၊ ထိုသူမှာ ပြည်နယ်ကောလိပ်မှ ဂျေးကော့အိမ်း(စ်)ဖြစ်ကြောင်းကြားရသောအခါ၊အဒိုနိုင်ရမ် အဖို့ မိုးချုန်းသံကြားသလို ခံစားလိုက်ရသည်။ သူ၏စိတ်တွေကြေကွဲ၊ ဝရုန်းသုန်းကားဖြစ်၊ ကြောက်စိတ်တွေ ပြည့်လျှံသွားပြီး၊ မိဘအိမ်သို့ ပြန်လှည့်ခဲ့သည်။

အင်ဒိုဗားဓမ္မတက္ကသိုလ် (Andover Theological Seminary) ၌ ၁၈၀၈-ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်တွင် ဓမ္မပညာကို လေ့လာဆည်းပူး ခဲ့ပြီး၊ ဒီဇင်ဘာလ (၂) ရက်တွင် မိမိအသက်တာကို ဘုရားရှင်ထံ ဆက်ကပ်အပ်နှံခဲ့သည်။ Andover ၌ ပညာဆည်းပူးစဉ်၊ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ British East India Company တွင် ဘာသာရေးမှူး (Chaplain) အဖြစ်တာဝန်ထမ်းဆောင်ခဲ့သော၊ Dr. Claudius Buchanan ဟောကြားသော The Star in the East ခေါင်းစဉ်ရှိ တရားဟောချက် ပုံနှိပ်စာကို ရရှိဖတ်ရှုအပြီး၊ ၆-လအကြာတွင် သာသနာပြု အဖြစ် ဘုရားအမှုဆောင်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဝီလီယမ်ကောလိပ် (William College)မှ ဘွဲ့ရသော ဆယ်မြူရယ်ဂျေမေးလ် (Samuel J.Mill)၊ ဂျိမ်းစ် ရစ်ချက်ဒ်(James Richard)၊ လူသာရိုက်စ်(Luther Rice)၊ ဂေါ်ဒွန်ဟောလ် (Gordon Hall)တို့နှင့် Andover တွင် ဆုံမိပြီး၊ ဆုတောင်းပဌနာပြုခြင်းကို မှန်မှန်ပြုလေ့ရှိသည်။ အဒိုနိုင်ရမ်ဂျဒ်ဆင်သည် Brown University မှ ကထိကအဖြစ် ကမ်းလှမ်းခြင်း၊ ဘော်စတွန်မြို့ အသင်းတော်မှ တွဲဖက်သင်းအုပ်အဖြစ် ကမ်းလှမ်းချက်များကို လက်ခံခြင်း မပြုခဲ့ပေ။

၁၈၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ(၅)ရက်တွင် အဲ(န်)ဟာဆယ်(လ်)တိုင်း(Ann Hasseltine) နှင့် ဘရက်ဖော့ဒ်မြို့ အသင်းတော်၌ ထိမ်းမြားလက်ထပ်ခဲ့ပြီး၊ ၁၈၁၂-ခုနှစ်၊ဖေဖော်ဝါရီလ (၆) ရက်တွင်၊ ဆေလမ်မြို့ရှိ တယ်ဘာနီကာ အသင်းတော်တွင် လက်တင်မင်္ဂလာခံယူခဲ့သည်။

၁၈၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့တွင်၊ အမေရိကန်ပြည်ထောင်စု၊ ဆေလမ်မြို့ ဆိပ်ကမ်းမှ ကယ်ရာဗန် (Caravan) သင်္ဘောဖြင့် ထွက်ခွာခဲ့ရာ၊ ယင်းနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့သို့ ဆိုက်ရောက်သည်။ သင်္ဘောနှင့် ခရီးရှည်ပြုစဉ် သမ္မာကျမ်းစာ ဖတ်ရှုလေ့လာခြင်းနှင့်အတူ၊ ကော်ကရီကေးရှင်းနယ် ဂိုဏ်းဂဏဆိုင်ရာ အယူဝါဒများကို လေးလေးနက်နက် စဉ်းစားမိပြီး၊ ကာလကတ္တားမြို့ရှိ လားဘဇား အသင်းတော်တွင် ဆရာကြီးဝတ်ဒ် (Rev. William Ward) လက်ဖြင့် အဒိုနိုင်ရမ်နှင့် အဲန်ဂျဒ်ဆင်တို့သည် ၁၈၁၂-ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် ရေနှစ်ခြင်းမင်္ဂလာခံယူခဲ့သည်။

ကာလကတ္တားတွင် ဆက်နေရန် အခွင့်မသာသဖြင့်၊ ၁၈၁၃-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်တွင် မောရစ်ရှပ်စ်ကျွန်း (Mauritius) ပေါ့လူးဝိ(စ်) (Port Louis)ဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့သည်။ အရှေ့အိန္ဒိယကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ယင်းကျွန်း၌ ဆက်မနေထိုင်နိုင်သောကြောင့်၊ ၁၈၁၃-ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် မောရစ်ရှပ်စ်မှ ပီနန်သို့ ထွက်ခွာသော ဂျော်ဂျီယားနား (Georgiana)သင်္ဘောနှင့် လိုက်ပါခဲ့ရာ၊ မုန်တိုင်းခက်ထန် သောပင်လယ်ခရီးကြမ်းကိုဖြတ်ကျော်အပြီး၊ မြန်မာနိုင်ငံဆိပ်ကမ်းသို့ ၁၈၁၃–ခုနှစ်၊ ဇူလိုင်လ၊ (၁၃) ရက်တွင် ဆိုက်ရောက်ခဲ့သည်။



SAILING FROM SALEM ON THE "CARAVAN"

ဆေလမ်မြို့ဆိပ်ကမ်းမှ ကယ်ရာဗန် (Caravan) သင်္ဘောဖြင့် ထွက်ခွာခဲ့ပုံ၊

Copyright: mmBible